# Ministry Of Sports And Youth Affairs
# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
# သတင်းလွှာ

Monthly Newsletter Volume 3, No.1 August 2025

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ






နေပြည်တော်၊ ဩဂုတ် ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ (Gold Medal Hall)၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်နှင့် ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးမျိုးကျော်သူ၊ ဦးဉာဏ်ဇော်ဦးနှင့် ဦးကျော်စိုးမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များ၊ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများနှင့် ဝန်ထမ်းသား/သမီးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသား/သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများ၊ ပြည်တွင်း/ပြည်ပသင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့ကြသူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ပညာသင်ထောက်ပံ့ကြေးများ၊ ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

နေ့လယ်ပိုင်းတွင် (၄) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာထမ်း/အမှုထမ်းဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ကံစမ်းမဲဖောက်ပေးခြင်း အစီအစဉ်အား ဆက်လက်ကျင်းပခဲ့ရာ ကံစမ်းမဲပေါက်သူများကို ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲအစီအစဉ်အဖြစ် မြဝတီ တေးဂီတအဖွဲ့မှ သီဆိုဖျော်ဖြေခြင်း၊ ဌာနအကြီးအကဲများက သီဆိုဖျော်ဖြေခြင်း၊ အရာထမ်း/အမှုထမ်းဝန်ထမ်းများ၏ ကာရာအိုကေ သီချင်းဆိုပြိုင်ပွဲ အစီအစဉ်နှင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။





- ▶ စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူ......
- ▶ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ.....
- ▶ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက် နေသည့်သူနှင့်တူ.....

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## ၂၀၂၅ ခုနှစ်၊ ပထမ(၆)လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော်၊ ဩဂုတ် ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ်၊ ပထမ (၆)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး JengPhang နော်တောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးမျိုးကျော်သူ၊ ဦးဉာဏ်ဇော်ဦး၊ ဦးကျော်စိုးမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ဦးကျော်ဇင်မိုး၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်များ၊ ဦးစီးဌာန(ရုံးချုပ်) ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာကြသည့်ကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များက အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ အသီးသီးတင်ပြဆွေးနွေးခဲ့ကြပြီးနောက် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အတွက် တည်မြဲအမိန့်များနှင့် ဝန်ထမ်း စည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာပြီး လုံခြုံရေးအသိ၊ လုံခြုံရေး သတိဖြင့်သွားလာနေထိုင်ကြရန်လိုကြောင်း၊ မြန်မာ့အားကစားဖွံ့ဖြိုး တိုးတက်စေရေးအတွက်နည်းပြများ၊ ဒိုင်လူကြီးများနှင့် မျိုးဆက်သစ် အားကစားသမားများစွာ မွေးထုတ်ပေးရန်လိုကြောင်း ထည့်သွင်းမှာကြားခဲ့ပြီး အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိမိတို့ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

---

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့်ပီတန်း အားကစားအဖွဲ့များ၏လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး



နေပြည်တော်၊ ဩဂုတ် ၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ဂျူဒိုနှင့် ပီတန်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) စားရိပ်သာ၌ အားကစားသမားများ၏ နေ့လည်စာစားသုံးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများ စားသောက်မှု အဆင်ပြေစေရေး၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေးနှင့်



အားကစားဆေးဘက်ဆိုင်ရာ ဆရာဝန်၏ Sports Nutrition နှင့်အညီ တွက်ချက်ထားသည့် အားကစားသမားတစ်ဦး တစ်နေ့တာ လိုအပ်သည့် ကယ်လိုရီပမာဏအတိုင်း အာဟာရသင့်တင့်မျှတစွာ ကျွေးမွေးနိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြား ခဲ့ကြောင်းသိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများနှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားရုံ(A)နှင့် ရေကူးကန် ပျက်စီးနေမှုတို့အား ပြုပြင်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဩဂုတ် ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီး အားကစားသမားများနှင့် အမျိုးသမီး ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏ အဖွဲ့လိုက် လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများ အနေဖြင့် ယခင်ရရှိထားသည့်ရမှတ်များထက် သာလွန် ကောင်းမွန်အောင် မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်ဖြင့် ပိုမိုအားထည့်၍ ဆက်လက်ကြိုးစားအားထုတ် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီးနောက် အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ Max MyanmarConstruction Co.,Ltd မှ ပြုပြင်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ အပြင်ဘက် လေ့ကျင့်ရေးရေကူးကန်အတွင်းရှိ ကြမ်းခင်းကျွံကျနေမှုများ၊ ရေသန့်စင်ရန်အတွက် ကလိုရင်း(Chlorine)ကန်နှင့် ရေပိုက်လိုင်းများအား ပြုပြင်သန့်စင်နေမှုများနှင့် အုတ်နံရံအတွင်း/အပြင် ပြိုကျ နေမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ အကြောလျော့၍ ကိုယ်ခန္ဓာအညောင်းအညာပြေအောင် ရေကူးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန်အတွက် ရေကူးကန်ပြုပြင်မှုအား ဦးစားပေး ဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအား ဦးစားပေးဆောင်ရွက်ရန်နှင့် အဆောက်အဦများအား သဘာဝဘေး အန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်စံချိန်/ စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီပြီး အမြန်ဆုံးတည်ဆောက်ပြီးစီးစေရေးတို့အတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့နှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး

**နေပြည်တော်၊ ဩဂုတ် ၁၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် လက်ဝှေ့နှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင်လက်ဝှေ့အားကစားသမားများ၏ နည်းစနစ်ပိုင်းနှင့် သက်လုံပိုင်း ဆိုင်ရာ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးကာ လေ့ကျင့်မှုအပြီး ကုန်ခမ်းသွားသည့် အားအင်များကို ပြန်လည်ဖြည့်တင်းပေးနိုင်ရန်အတွက် တိုက်ကျွေးလျက်ရှိသည့် အားဆေးများနှင့် Sports Nu–trition နှင့်အညီ တွက်ချက်ထားသည့် သတ်မှတ်ကယ်လိုရီအတိုင်း အာဟာရပြည့်မီအောင် ကျွေးမွေးလျက်ရှိသည့်အတွက် အားကစားသမားများအနေဖြင့် သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ စားသောက်နေထိုင်သွားလာကြရန်လိုကြောင်း၊ လေ့ကျင့်မှုပြုလုပ်ရာတွင် တိုးတက်မှုရှိ/မရှိကို စနစ်တကျ မှတ်တမ်းများပြုစုထားရှိပြီး ဆက်လက်တင်ပြပေးနိုင်ရေးအတွက် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလေးမ

စာမျက်နှာ ၄ သို့ ►

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotal Max ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်း လူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံ ကျောင်းများမှ ကျောင်းသား/ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres က အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊





အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌတို့က ထူးချွန်ဆုရ လူငယ်များအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက၂၀၂၅ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့်လူငယ်စကားဝိုင်းအတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း (Video Clip) ကို ပြသသည်။

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၃ မှ အဆက် ►



အားကစားသမားများ၏ ဝိတ်တန်းများအလိုက် နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် နေ့အလိုက်ရေးဆွဲထားသည့် Training Program များအတိုင်း နည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ အောင်မြင်မှုအခြေခံဖြစ်သော **စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု၊ စံချိန်၊ စံညွှန်း၊ စံနှုန်း** စသည့် **“စ” ခုနှစ်လုံး**နှင့် ပြည့်စုံကောင်းမွန်အောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန် လိုကြောင်း၊ နည်းပြများအနေဖြင့်လည်း မိမိအားကစားသမားများ၏ အားနည်းချက်/အားသာချက်များကို လေ့လာသုံးသပ်ပြီး ပြုပြင်ပြောင်းလဲလေ့ကျင့် သင်ကြားပေးသွားရန်နှင့် ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံခြားသားနည်းပြလိုအပ်မှု အခြေအနေများနှင့် အားကစားအထောက်အကူပြုပစ္စည်း လိုအပ်နေမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် အားကစားနည်းအလိုက် အောင်မြင်မှုများ ရရှိအောင် အစွမ်းကုန်ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။



# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော်၊ ဩဂုတ် ၁၃

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် များဖြစ်ကြသည့် ဦးမျိုးကျော်သူ၊ ဦးဉာဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် လက်ထောက်အတွင်းဝန်များ၊ ဌာနခွဲများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ လက်ထောက်အတွင်းဝန်များနှင့် ဌာနခွဲများအလိုက် တာဝန်ခံ ညွှန်ကြားရေးမှူးများက ယခင်လ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေဆဲ လုပ်ငန်းအခြေအနေများ၊ လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေး အတွက် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးတင်ပြခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ် များတွင် အမှားအယွင်းမရှိစေဘဲ သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အချိန်မီပေးပို့နိုင်ရေးနှင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးတို့အတွက် တာဝန်ရှိသူများကအဆင့်ဆင့် စိစစ်ကြပ်မတ်ပြီး ပေးပို့တင်ပြဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲသို့ စနစ်တကျ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးကိစ္စရပ်များနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး အတွက် လိုအပ်သည်များကို တက်ညီလက်ညီ အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။



---

**အောင်မြင်မှုအခြေခံ "စ" ခုနှစ်လုံးဆောင်ရန်**

**စိတ်ဓာတ်၊ စည်းကမ်း၊**

**စွမ်းအား၊ စည်းလုံးမှု**

**စံချိန်၊ စံညွှန်း၊ စံနှုန်း**

---

စာမျက်နှာ ၄ မှ အဆက် ►

ထို့နောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများက မြန်မာလူငယ်ဖွံ့ဖြိုး တိုးတက်ရေးအသင်းနှင့် အနာဂတ်လူငယ်များအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လူမှုအကျိုးပြု လုပ်ငန်းများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊



ဘုရားရင်ပြင်တော်တွင် သန့်ရှင်းရေးလုပ်ခြင်း၊ ကြမ်းတိုက်ခြင်းနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ အဘိုး၊ အဘွားများကို ခေါင်းဖြီးပေးခြင်း၊ ခြေသည်းလက်သည်းများ ညှပ်ပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ အားပေးစကားများ ပြောခြင်းစသည်တို့ကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာစကိတ်အားကစားအဖွဲ့နှင့် H.T.V Sports Channel အဖွဲ့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



နေပြည်တော်၊ ဩဂုတ် ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြန်မာစကိတ်အားကစားတိုးတက်ဖွံ့ဖြိုးရေးနှင့် H.T.V Sports Channel အဖွဲ့ သတင်းရိုက်ကူးခြင်းဆိုင်ရာအတွက် တာဝန်ရှိသူများအား ရုံးအမှတ် (၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စကိတ်အားကစားအဖွဲ့ချုပ်၏ ရှင်းလင်းတင်ပြချက်များအပေါ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှတဆင့် သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ ညှိနှိုင်းကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် H.T.V Sports Channel အဖွဲ့ သတင်းရိုက်ကူးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံခဲ့ရာ H.T.V Sports Channel အဖွဲ့မှ (CEO) ဦးဇေယျာမင်းနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို အသီးသီးအကြံပြုဆွေးနွေး တင်ပြခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် အများပြည်သူ စိတ်ဝင်စားသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ကွင်းသွင်းခြင်း၊ ပြေးခုန်ပစ်၊ အလေးမ၊ လှေလှော်၊ ဘိလိယက်နှင့် စနူကာ၊ ပီတန်း၊ မြားပစ်၊ သေနတ်ပစ်၊ ကဘာဒီနှင့် တက်ကွ်ဘော



စသည့် အားကစားနည်းများနှင့် ကိုယ်ခံပညာ(အတိုက်)အားကစားနည်းများဖြစ်သော တိုက်ကွမ်ဒို၊ ဂျူဒို၊ ပန်ကြပ်ဆီလပ်၊ ကစ်ဘောင်ဆင်၊ မွေနှင့် ဝူရှူးစသည့် အားကစားနည်းတို့ကို တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နိုင်ရေးကိစ္စရပ်များနှင့် လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

---

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phangနော်တောင် ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်သိုင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန်၊ ဩဂုတ် ၁၅

မြန်မာ့သိုင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သိုင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊

စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၆ မှ အဆက်

ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့သိုင်းပညာရပ်သည် မြန်မာတို့ရဲ့ ဇာတိသွေး၊ ဇာတိမာန်ကို အခြေခံပြီး ခေတ်အဆက်ဆက် တန်ဖိုးထား လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့တဲ့ မြန်မာတို့ရဲ့ ကိုယ်ခံပညာတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့သိုင်းပညာရပ်များကို အချင်းချင်းအပြန်အလှန် ဖလှယ်နိုင်ပြီး မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်အနိုင်ရရှိရေးနှင့် မြန်မာ့သိုင်းပညာရပ်များ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိစေရေးတို့အတွက် ကြိုးစားကြစေလိုကြောင်း၊ မြန်မာ့သိုင်းပညာသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါတဲ့အပြင် မြန်မာ့ရိုးရာသိုင်းပညာကို လူငယ်၊ လူရွယ်တိုင်း စိတ်ပါဝင်စား လေ့ကျင့်ကစားလာကြပြီး မြန်မာ့ရိုးရာကိုယ်ခံသိုင်းပညာရပ်ကို ပျောက်ပျက်မသွားစေရေး၊ အခြားနိုင်ငံများရဲ့ ပညာရပ်များ ရောနှောမသွားစေရေး၊ ပညာရှင်အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အနေနဲ့ ပန်ကြပ်ဆီလပ်အားကစားနည်းဖြင့် ၁၉၉၅ ခုနှစ်၊ (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ စတင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များစွာကို နိုင်ငံတော်အတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ ယနေ့ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးဘဲ ဇွဲ၊ စိတ်ဓာတ်၊ အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပြသကြစေလိုကြောင်း၊ ထူးချွန်ထက်မြက်ပြီး ရိုးရာအမွေအနှစ်ကို ဆက်ခံထိန်းသိမ်းနိုင်တဲ့ မြန်မာ့သိုင်းအားကစားသမားကောင်းများ၊ သိုင်းပညာရှင်များဖြစ်လာအောင်လည်း ကြိုးစားသွားကြပြီး ဒီပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်ကအားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ရွတ်ဆိုခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်




အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့က အ.ထ.က(၂)လသာမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၅)သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသားဗန်တိုအတိုက် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုတို့အား ကြည့်ရှုအားပေးခဲ့သည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်သို့လည်းကောင်း၊ ခြင်းလုံးအားကစား လေ့ကျင့်ရေးရုံသို့လည်းကောင်း၊ ဝူရှူးအားကစားလေ့ကျင့်ရေးရုံသို့ လည်းကောင်း၊ မြားပစ်အားကစားကွင်းသို့လည်းကောင်း ရောက်ရှိရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲသို့ စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင်ကြိုးစားကြရန်၊ လေ့ကျင့်ရေးအထောက်အကူပြု ပစ္စည်းများနှင့် လေ့ကျင့်ရာတွင် ပြိုင်ပွဲဝင်သုံးအထောက်အကူပြု ပစ္စည်းများ၏ အလေးချိန်နှင့် စံနှုန်းထားများအတိုင်းလေ့ကျင့်ထားရန်၊ စိတ်ဓာတ်ကောင်းမွန်ပြီး စည်းကမ်းရှိစွာဖြင့် ကြိုးစားယှဉ်ပြိုင်၍ ရွှေတံဆိပ်ဆုများရယူကာ အမိမြန်မာနိုင်ငံရဲ့အလံကို နိုင်ငံတကာ အလယ်တွင် လွှင့်ထူနိုင်ပြီး နိုင်ငံတော်ကို ကျေးဇူးဆပ်နိုင်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး အားကစားသမားများအား ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီးသင်တန်းဆင်းပွဲ၊ (၁၀)နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၅ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်





ရန်ကုန်၊ ဩဂုတ် ၁၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကြီးမှူးဖွင့်လှစ်သော မြန်မာနိုင်ငံဘော်လီဘော ဒိုင်လူကြီး (Referee) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နေ့လယ် (၁၃:၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာများ၊ ဒိုင်ချုပ်များနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးမှ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူ များက ဒိုင်သင်တန်းနည်းပြချုပ်၊ သင်တန်းမှူးတို့အား ဂုဏ်ပြု လက်ဆောင်နှင့် သင်တန်းသား/ သင်တန်းသူများအား သင်တန်း ဆင်းဒိုင်လိုင်စင် လက်မှတ်များကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာ တောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမတွင် (၁၀) နှစ်ပြည့် အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးမှ ရတနာ ရွှေမောင်းကို (၃)ချက်တီး၍ အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ပြီး ပထမပွဲစဉ်အဖြစ် (၅၄)ကီလိုတန်းတွင် သိန်းစိုးနှင့် ဆလိုင်းထန်ခွီးရှိန် တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍အနိုင်ရရှိသွားသော ဆလိုင်းထန်ခွီးရှိန်အား ရွှေခါးပတ်နှင့်လည်ဆွဲကို ပေးအပ်ချီးမြှင့် ခဲ့သည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် ကျင်းပပြုလုပ်သော ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးပြီးဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက် ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က စုပေါင်း တံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ကျောက်စိမ်းခန်းမတွင် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်နှင့် တွေ့ဆုံပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ဆုတံဆိပ်များရရှိနိုင်ရေးတို့ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ကစား သမားများ၏ လေ့ကျင့်နေမှု စံချိန်၊ စံနှုန်းများ၊ ဝင်ရောက် ယှဉ်ပြိုင်မည့် အားကစားနည်းအမျိုးအစားများ၊ Joint Training သွားရောက်လေ့ကျင့်နိုင်ရေး၊ လေ့ကျင့်ရေး အထောက်အကူပြု ပစ္စည်းများ ဝယ်ယူသယ်ဆောင်နိုင်ရေး၊ ပြိုင်ပွဲသွားရောက် ယှဉ်ပြိုင်ရာတွင် အားကစားသမားများ ကျန်းမာရေး ကောင်းမွန် စေရေးတို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

ကျောဖုံးမှ အဆက် ►

မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ကို KBZ BANK, KBZ Pay နှင့် KBZ Group တို့ ၂၀၁၈ ခုနှစ်မှစတင်ကာ ပံ့ပိုးကူညီ ပေးခဲ့သည့်အပြင် ယခုကဲ့သို့ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆု ရရှိစေရန် အတွက်လည်းထောက်ပံ့ကူညီပေးခဲ့ရာ ယနေ့အထိ ကျပ်ငွေ ၄.၈ ဘီလီယံကျော် ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် AFC Women's Championship League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး






ရန်ကုန်၊ ဩဂုတ်လ ၂၅ ရက်

AFC Women's Championship League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

၂၀၂၅-၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ၏ အုပ်စုပထမနေ့ ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့် ဂူအမ်နိုင်ငံမှ Strykers FC အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းက Strykers FC အမျိုးသမီးဘောလုံးအသင်းကို (၉) ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် တည်ဆောက်လျက်ရှိသည့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းရှိ အိပ်ဆောင်များနှင့် ရေကူးကန်တို့အား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဩဂုတ် ၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် ဆုရအသင်းအား ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ပုသိမ်မြို့တွင် တည်ဆောက်လျက်ရှိသည့် အားကစားနှင့်ကာယပညာသိပ္ပံရှိ သင်တန်းသား/သင်တန်းသူအိပ်ဆောင် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ စံချိန်၊ စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးစီးနိုင်ရေးနှင့် ဆောက်လုပ်ပြီးဖြစ်သည့် မိုးလုံလေလုံ အားကစားရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ပါသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကိုးသိန်းအားကစားကွင်းတွင် တပ်ဆင်ဆောင်ရွက် ပြီးစီးပြီးဖြစ်သည့် LED Score Board အား ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာအဆင့်မီရေကူးကန်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ရေကူးကန်အား ရေရှည်ထိန်းသိမ်းနိုင်စေရေး၊ ရေကူးသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်စေရေးနှင့် မျိုးဆက်သစ်ရေကူးအားကစားသမားများစွာ ပေါ်ထွက်လာစေရေးတို့အတွက် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့များနှင့် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းတို့အား လိုက်လံကြည့်ရှုစစ်ဆေး





ရန်ကုန်၊ ဩဂုတ် ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ ပိုက်ကျော်ခြင်းအားကစားရုံသို့ ရောက်ရှိရာ မြန်မာနိုင်ငံ Kabaddi အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေသော ပဏာမလက်ရွေးစင် Kabaddi အားကစားသမားများလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲသို့ စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရန် ခန္ဓာကိုယ်ကြံ့ခိုင်သန်မာမှုရှိစေရန်၊ ယုံကြည်မှုစိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားကစားကြရန် မှာကြားပြီးနောက် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့မှ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Sports Hotel ၌ AFC Women's Championship League ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့်တွေ့ဆုံရာ အားကစားသမားများမှ တစ်ဦးချင်း မိတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက အားကစားသမားများအား ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် လက်ဝယ်ဖန်တီးနိုင်ခွင့်ရှိချိန်၌ အကောင်းဆုံးကြိုးစားကြရန်၊ မြန်မာအသင်းစိတ်ဓာတ်အပြည့်ဖြင့် အောင်နိုင်ရေးကို အဓိကထားရန်၊ အခြေခံကောင်းပြီး သိပ္ပံနည်းကျ စနစ်တကျကစားတတ်ရန်၊ မိမိ၏အားကို မလိုအပ်သည့်နေရာတွင် အသုံးမပြုဘဲ ချွေတာကစားတတ်ရန်၊ ကျန်းမာရေးကို ဂရုစိုက်ကြရန်၊ ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့ပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ဆက်လက်၍ အောင်မြင်မှုများရရှိအောင် ကြိုးစားကြရန်မှာကြားပြီး အားကစားသမားများ နေ့လယ်စာ စားသုံးနေမှုအား ရင်းရင်းနှီးနှီးလိုက်လံကြည့်ရှုအားပေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ လေ့ကျင့်ရေးခန်းမသို့ရောက်ရှိရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြည်ထောင်စုဝန်ကြီးက စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် ဘိလိယက်နှင့်စနူကာ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လက်ရည်စမ်းယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေး၍ ပြိုင်ပွဲအပြီး၌ ဆုများချီးမြှင့်ခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် တာမွေမြို့နယ်၊ ကျိုက္ကဆံဘောလုံးကွင်း(၁)၌ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်နေသော တာတို/တာလတ်အပြေး၊ မာရသွန်၊ လမ်းလျှောက်၊ လှံတံပစ်၊ သံပြားပစ်၊ သံလုံးပစ် ပဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးမှ စခန်းသွင်းလေ့ကျင့်နေမှု၊ စံချိန်/စံနှုန်းရရှိမှု အခြေအနေများ၊ အောင်မြင်မှုရရှိနိုင်မည့် အခြေအနေများအား တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နပန်းအားကစား လေ့ကျင့်ရေးရုံသို့ ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် နပန်းအားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးကာ နိုင်ငံခြားနည်းပြ ငှားရမ်းလေ့ကျင့်နိုင်ရေး၊ ဒိုင်/နည်းပြသင်တန်းဖွင့်လှစ်နိုင်ရေးတို့အား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းမိသားစုများ၏ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ





နေပြည်တော်၊ ဩဂုတ် ၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းမိသားစုများ၏ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်တို့အား အမှူးပြု၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သဒ္ဓမ္မဝေပုလ္လ ကျောင်းတိုက် ပဓါနနာယက ဆရာတော် ဒေါက်တာအရှင်ဘဒ္ဒန္တစာရိတ္တာထံမှ ပရိတ်သတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူခဲ့ကြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားများ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းအဖြစ် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး





ရန်ကုန်၊ ဩဂုတ် ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်(၈)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံသို့ရောက်ရှိရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယ ဝန်ကြီးက ပဏာမလက်ရွေးစင် အမျိုးသား/အမျိုးသမီး ဘော်လီဘော အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကျန်းမာရေး ကို အထူးဂရုစိုက်ရန်၊ စည်းကမ်းရှိပြီး စနစ်တကျ လေ့ကျင့်ကြိုးစားကာ အကောင်းဆုံးလုပ်ဆောင်ကြရန်၊ နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်ကျေပွန် အောင်ဆောင်ရွက်ရန်နှင့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက်အဆင့်၌ တိုးတက်မြင့်မား အောင် ကြိုးစားကြရန်မှာကြားပြီး ပဏာမလက်ရွေးစင် (အမျိုးသား) ဘော်လီဘောအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှု အားပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်းအတွင်းရှိ မြားပစ်ကွင်းသို့ရောက်ရှိပြီး ရုံးခန်း၊ အစည်းအဝေးခန်း၊ အိပ်ဆောင်၊ ထမင်းစားဆောင်တို့နှင့် ပဏာမ လက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် Kabaddi အားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ Arena Fitness & Sports အားကစားခန်းမ၌ လေ့ကျင့်နေသော ပဏာမလက်ရွေးစင် ဂျူဂျစ်ဆု အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဘော်လီဘောဒိုင်လူကြီးသင်တန်းဖွင့်ပွဲအခမ်းအနားနှင့် AFC U-20 Women's ASIAN Cup Thailand 2026 Qualifiers ဘောလုံးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန်၊ ဩဂုတ် ၁၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကြီးမှူးဖွင့်လှစ်သော မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီး (Referee) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မိုးလုံလေလုံ အားကစားရုံတွင် ယနေ့ နံနက်ပိုင်းကကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင် သင်တန်းနည်းပြဆရာများ၊ ဒိုင်ချုပ်များနှင့် သင်တန်းသား/သူ များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ ဘော်လီဘောလောက တိုးတက်မြင့်မားလာပြီး နိုင်ငံတစ်ဝန်း ဘော်လီဘောပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ ဥပဒေသများ ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အဂတိတရားကင်းမှု၊ သမာသမတ် ကျကျ တရားနည်းလမ်းဖြင့် မှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်မှုရှိသော ဒိုင်လူကြီးများဖြစ်စေရေး၊ ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာ ဘော်လီဘောအဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်လူကြီးများဖြစ်အောင် ကြိုးစားကြပြီး ဘော်လီဘောအားကစားဖြင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်အောင် စွမ်းဆောင်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးတို့က သင်တန်းနှင့်ပတ်သက်သည့်



လိုအပ်ချက် ကိစ္စရပ်များအား ဖြည့်စွက်မှာကြားခဲ့ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် သင်တန်းသား/ သင်တန်းသူ များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါ ဘော်လီဘောဒိုင်လူကြီးသင်တန်းကို (၁၀.၈.၂၀၂၅) ရက်နေ့မှ (၁၇.၈.၂၀၂၅)ရက်နေ့ အထိ FIVB ၏ ၂၀၂၅-၂၀၂၈ Rule & Regulation , Referee Guideline တို့မှ စာတွေ့ လက်တွေ့ သင်ကြားပြသသွားမည်ဖြစ်ပြီး သင်တန်းသား (၂၅)ဦး၊ သင်တန်းသူ(၁၅)ဦး စုစုပေါင်း(၄၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင် ကျင်းပပြုလုပ်သော AFCU-20 Women's ASIAN Cup Thailand 2026 Qualifiers ပြိုင်ပွဲ အုပ်စု (D)ပွဲစဉ်အဖြစ် မြန်မာ(U-20) အမျိုးသမီးအသင်းနှင့် အိန္ဒိယ(U-20) အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကျင်းပနိုင်ရေးအတွက် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်၊ ဩဂုတ် ၁၆

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက Inperson စနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးရာဝန်ကြီးများက Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက် ခဲ့ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အဖွင့် အမှာစကား ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာ ဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းမည့် အစီအစဉ်များ၏ အသေးစိတ်ကို Power Point ဖြင့် ရှင်းလင်း တင်ပြဆွေးနွေးခဲ့ပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ လူမှုရေးရာဝန်ကြီးများက သိလိုသည်များကို အသီးသီးမေးမြန်း တင်ပြခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



စာမျက်နှာ ၁၄ သို့ ▶

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





တောင်ကြီး၊ ဩဂုတ် ၂၀

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်ရောက်ရှိနေသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အုပ်စုပထမပွဲစဉ်အဖြစ် အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ဆိုလာတပ်ဆင်ပြီးစီးမှုများနှင့် စားရိပ်သာ၊ ဆေးပေးခန်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းလုံခြုံရေးအတွက် အုတ်တံတိုင်းကာရံမှု လုပ်ငန်းအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးဒဏ်များခံနိုင်အောင် ရေရှည်မျှော်မှန်းတည်ဆောက်သွားရန်လည်းလိုကြောင်း တာဝန်ရှိသူများအား မှာကြားသွားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

---

## ၂၀၂၅ ခုနှစ် ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားတောင်ကြီးမြို့တွင်ကျင်းပ



ဩဂုတ်လ ၂၇ ရက်၊ တောင်ကြီးမြို့

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျင်းပသော ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ယနေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများ၊ နည်းပြ အုပ်ချုပ်သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ တတိယဆုရရှိကြသည့် ကချင်ပြည်နယ်အသင်းတို့အားလည်းကောင်း၊ ဆက်လက်ပြီး ပြိုင်ပွဲတွင် ဂိုးသမားအကောင်းဆုံးဆုရရှိခဲ့ကြသောအားကစားသမားနှင့် ပြိုင်ပွဲတွင် ပွဲစဉ် တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ရှမ်းပြည်နယ်အသင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဖူဆယ် အောင်နိုင်ရေးကော်မတီ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ဂုဏ်ပြုချီးမြှင့်ငွေကျပ် စုစုပေါင်းငွေကျပ် (၃၀၀) သိန်းအား ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်းသိရှိရပါသည်။

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar : Youth Strategy Forum-2025) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်၊ ဩဂုတ် ၂၆

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar :Youth Strategy Forum-2025) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက Inperson စနစ်ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေး၊ အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံအသိပညာဗဟုသုတများရရှိစေရန်နှင့် လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှု အရည်အချင်းများ မြှင့်တင်ရန်အတွက် ရည်ရွယ်ပြီး မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အခမ်းအနားအား ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားဝတ်စုံများကို သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်ပြီး ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားနှင့် ဆွေးနွေးပွဲ



အခမ်းအနားများသို့ တက်ရောက်ပါဝင် ဆွေးနွေးနိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ပေးသွားရန် ပြောကြားခဲ့သည်။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်က မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကျင်းပမည့် အစီအစဉ်များ၊ တည်းခိုနေထိုင်မည့်အစီအစဉ်များ၊ လေ့လာရေး သွားရောက်မည့် ခရီးစဉ်များနှင့်ပတ်သက်ပြီး အသေးစိတ်အား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီးနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးများက အခမ်းအနားတက်ရောက်ရန်အတွက် ထူးချွန်လူငယ်ကိုယ်စားလှယ် ရွေးချယ်ထားရှိမှုများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့်ပတ်သက်ပြီး အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

---

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် AFC Women's Championship League (AWCL) 2025/2026 ၏ Preliminary Stage ပြိုင်ပွဲအုပ်စုအဆင့်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





ရန်ကုန်၊ ဩဂုတ် ၃၁

AFC Women's Championship League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဖယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသည် ၂၀၂၅ - ၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲဖြစ်ပြီး ယနေ့တွင် အုပ်စု အဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပရာတွင် မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်နိုင်ငံမှ STALLION LAGUNA FC အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းက (၃) ဂိုး (၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ကာ Group State သို့ တက်ရောက်သွားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး Group State သို့ တက်ရောက်သွားသော I.S.P.E FC အမျိုးသမီးဘောလုံးအသင်းကို ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။

## အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး ဌာနခွဲများအလိုက် ညွှန်ကြားရေးမှူးများနှင့် ပထမ (၆)လပတ် ကြိုတင်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



နေပြည်တော်၊ ဩဂုတ် ၄

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးသည် ဌာနခွဲများအလိုက် ညွှန်ကြားရေးမှူးများနှင့် ပထမ(၆)လပတ် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် ဦးကျော်ဇင်မိုး၊ ဦးစီးဌာန(ရုံးချုပ်) ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့်ကာယပညာ(သိပ္ပံ) ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက်အသီးသီးတင်ပြဆွေးနွေးခဲ့ကြရာ တင်ပြချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြောကြားခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ်က လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားခဲ့ပြီး အားကစားကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေးနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး ဌာနခွဲများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် ပထမ(၆)လပတ် ကြိုတင်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော်၊ ဩဂုတ် ၄


လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးသည် ဌာနခွဲများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် ပထမ(၆)လပတ် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသော်အေး၊ ဦးစီးဌာန(ရုံးချုပ်)ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့်ကာယပညာ(သိပ္ပံ) ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြသည်။



စာမျက်နှာ ၁၄ မှ အဆက် ►

ထို့နောက် ဒုတိယဝန်ကြီးက အစီအစဉ်များနှင့်ပတ်သက်ပြီး လိုအပ် သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီးနောက် နိဂုံးချုပ်ပြောကြားရာတွင် တစ်နိုင်ငံလုံးရှိ လူငယ်များအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းကြောင်းများ ရှုမြင်အဆိုပြုနိုင်စွမ်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်နှင့် အနာဂတ် တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် လူငယ်ကွန်ရက်ကို ဖန်တီးဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ မြန်မာ့အနာဂတ် မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ အခမ်းအနားကို ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် အခမ်းအနား ကျင်းပသည့်ကာလအတွင်း လုံခြုံရေးသတိ၊ လုံခြုံရေးအသိဖြင့် တည်းခိုနေထိုင်သွားလာစားသောက်သွားကြရန်လိုကြောင်း၊ လူငယ် များအသိပညာဗဟုသုတများစွာ ရရှိစေရန်အတွက် အထင်ကရ နေရာများ၊ အမှတ်တရဖြစ်စေမည့်နေရာများ၊ လေ့လာရေးခရီးစဉ်များနှင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 2025 E Sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်







ရန်ကုန်၊ ဩဂုတ် ၂၈

2025 E Sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမဦးကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး

မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ က ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအတွေ့အကြုံများကို Video Clip ဖြင့် ရှင်းလင်းတင်ပြ ပါသည်။

ဆက်လက်၍ အလှူရှင်များမှ အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် အလှူရှင်များ၏ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ကျပ်သိန်း (၁၃,၁၀၀)ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ပေးအပ်ရာ ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့မှ လက်ခံရယူခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက 2025 E Sports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

## သမိုင်းဝင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းကို KBZ GROUP မှ ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂရန်အမည်ပေါက် မြေကွက်ကိုးကွက် ဂုဏ်ပြုချီးမြှင့်

တောင်ကြီး၊ စက်တင်ဘာ ၁

ဆော်ဒီအာရေဗျနိုင်ငံ၊ Riyadh မြို့၌ ကျင်းပခဲ့သည့် Esports အားကစားကမ္ဘာ့ဖလားပြိုင်ပွဲ ၂၀၂၅ တွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သော သမိုင်းဝင် မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Yangon Galacticos အသင်းကို KBZ Group မှ တောင်ကြီးမြို့၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂရန်အမည်ပေါက် မြေကွက်ကိုးကွက်ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုညစာ စားပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဦးအောင်ကိုဝင်း၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ ကမ္ဘာ့ချန်ပီယံ Esports အားကစားများ၊ မြို့မိ မြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် Esports ဝါသနာရှင် လူငယ်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းကို ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်မြတ်စံက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက က Yangon Galacticos အားကစား အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀၀၀ အားလည်းကောင်း၊ မြန်မာ Esports အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အောင်ပွဲရ လူငယ်အားကစားသမားများ တစ်ဦးချင်းဆီအတွက် တောင်ကြီးဂါးဒင်းစီးတီး(Taunggy Garden City) မှ ပေ ၄၀ x ပေ ၆၀ အကျယ်ရှိ ဂရန်မြေကိုးကွက်ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်သည်။


စာမျက်နှာ ၈ သို့ ►